# ကလေး၏အချက်အလက်များ မျှဝေသုံးစွဲခြင်း

# Child Information Sharing

Burmese | မြန်မာ

## အချက်အလက်များကို ဘာကြောင့် မျှဝေသုံးစွဲချင်တာလဲ။

### ဗစ်တိုးရီးယားကလေးများအား ပြုစုစောင့်ရှောက်ခြင်း

ဗစ်တိုးရီးယားကလေးများ ဘေးကင်းပျော်ရွှင်စွာ နေထိုင်ရေးကို ပံ့ပိုးသောအားဖြင့်၊ ဗစ်တိုးရီးယားအစိုးရသည် ကလေးများအတွက် အလုပ်လုပ်ပေးနေသော ကျွမ်းကျင်ဝန်ထမ်းအချို့ အချက်အလက်မျှဝေသုံးစွဲနည်းကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်နေပါသည်။

လုပ်ငန်းဌာနများစွာသည် အချက်အလက်မျှဝေသုံးစွဲနေကြပါသည်။ ကလေး၏အချက်အလက်များ မျှဝေသုံးစွဲခြင်း အစီအစဉ် (Child Information Sharing Scheme (CISS)) သည် ဤကျွမ်းကျင်ဝန်ထမ်းများအနေဖြင့် ၎င်းတို့လုပ်ကိုင်ပေးနေသည့် ကလေး၏အကြောင်းစုံ သိနိုင်ရန်၊ မည်သည့်တို့ကို မျှဝေသုံးစွဲနိုင်ကြောင်း နားလည်စေရန်နှင့် မိသားစု၏အတွင်းရေးကို ကာကွယ်ပေးနိုင်ရန်တို့ကို လွယ်ကူစွာ သိရှိအောင် လုပ်ပေးပါသည်။

ကလေးများစွာသည် ၎င်းတို့၏ဘဝတစ်နေရာရာတွင် ပံ့ပိုးမှု လိုအပ်ပါလိမ့်မည်။ မွေးဖွားသည်မှ အသက် ၁၈ နှစ်ပြည့်ချိန်အထိ ကလေး၏အချက်အလက် မျှဝေသုံးစွဲခြင်း ပြုပြင်ပြောင်းလဲရေးများ (Child Information Sharing Reforms) သည် ကလေးများနှင့် မိသားစုများအား ကျွမ်းကျင်ဝန်ထမ်းများနှင့် အဖွဲ့အစည်းများထံမှ ပိုမိုကောင်းမွန်သည့် ပံ့ပိုးမှုကို ရရှိစေပါမည်။

**ဤမျှဝေသုံးစွဲခြင်းက မိသားစုများအား ဘယ်လို ကူညီမလဲ။**

**ဤမျှဝေသုံးစွဲခြင်းက ကျွမ်းကျင်ဝန်ထမ်းများအား ဘယ်လို ကူညီမလဲ။**

ကလေး၏အချက်အလက်မျှဝေသုံးစွဲခြင်းသည် ကလေးများကို ပံ့ပိုးစောင့်ရှောက်သည့် (ဆရာများနှင့် သူနာပြုများကဲ့သို့သော) ကျွမ်းကျင်ဝန်ထမ်းများအဖို့ ၎င်းတို့သိထားသည့်ကလေးအကြောင်းကို အချင်းချင်း မျှဝေသုံးစွဲရာတွင် မည်သည့်အရာကို မျှဝေသုံးစွဲရန်နှင့် မိသားစု၏အတွင်းရေးကို မည်သို့ကာကွယ်ရန်နှင့်ပတ်သက်၍ လမ်းညွှန်မှုများကိုလည်း ချမှတ်ပေးထားပါသည်။

**ဥပမာ-**



တာချ်သည် မကြာခင်က ကျောင်းသစ်ပြောင်းခဲ့ပါသည်။ သူ အတန်းထဲတွင် စကားပြောရန် ဝန်လေးနေပုံရပြီး ကျောင်းစာများလုပ်ရန် အခက်အခဲရှိနေသည်ကို သူ့ဆရာမအသစ်ဆာရာက သတိထားမိသည်။ တာချ်၏ ကျောင်းဟောင်းမှ အချက်အလက်ကို တောင်းခံခြင်းဖြင့် သူ့တွင် အတန်းတွင်း အလုပ်လုပ်ရန် ဝန်လေးစေမည့် စာဖတ်ခက်ခဲသည့်ရောဂါရှိသည်ကို သိရှိနိုင်ပါသည်။

**တာချ်၏ဆရာမအနေဖြင့် တာချ်၏ ပညာရေးလိုအပ်ချက်များကို ပံ့ပိုးပေးရန် သင်ကြားမှုအစီအစဉ်တစ်ခုကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး၊ ၎င်းမှာ ကလေး၏အချက်အလက် မျှဝေသုံးစွဲခြင်းမှတစ်ဆင့် အချက်အလက်မျှဝေသုံးစွဲနိုင်သည့် ဥပမာတစ်ခု ဖြစ်ပါသည်၊**

# ဤအချက်အလက်ကို မည်သူ့အား မျှဝေသုံးစွဲစေမလဲ။ ဤအချက်အလက်ကို မည်သို့ အသုံးပြုမလဲ။

## မျှဝေသုံးစွဲမည့်အချက်အလက် အမျိုးအစား

ကလေးများ၏ ရှင်လန်းကျန်းမာရေး သို့မဟုတ် ဘေးကင်းရေးကို ပံ့ပိုးသည့် မည်သည့် အချက်အလက်ကိုမဆို မျှဝေသုံးစွဲနိုင်သည်။ ဤအချက်အလက်များတွင် ကလေးက ရယူနေသည့် ကျွမ်းကျင်ပံ့ပိုးမှု သို့မဟုတ် မိသားစု ဆက်ဆံရေးများအကြောင်းကဲ့သို့ အချက်အလက်များ ပါဝင်ပါသည်။

**ဤအချက်အလက်များကို အသုံးပြုရာတွင်**

**သင့်အနေဖြင့် အကြောင်းချင်းရာကို နှစ်ခါပြောရန် မလိုစေခြင်း**

**ကူညီပေးနိုင်သည့် ထိုက်သင့်သူများ ပါဝင်ခြင်း**

**အကြောင်းစုံ မြင်သာခြင်း**

**ကလေးများ ရှင်သန်ဖွံ့ဖြိုးလာမှုကို ထောက်ကူပြုခြင်း**

## အချက်အလက်များကို မည်သူက ရယူ မျှဝေသုံးစွဲနိုင်မလဲ။

အချို့လူများကသာ အချက်အလက်များကို မျှဝေသုံးစွဲနိုင်သည် – လူတိုင်းအတွက်တော့ မဟုတ်ပါ။ မျှဝေသုံးစွဲနိုင်သူများမှာ ကလေးများကို စောင့်ရှောက်ပေးရန်နှင့် ကာကွယ်ပေးရန် တာဝန်ရှိသည့် ဆရာဆရာမများ ၊ ဆရာဝန်များ၊ လူမှုရေးဝန်ထမ်းများနှင့် ဖြေသိမ့်ဆွေးနွေးဟောပြောသူများ၊ သူနာပြုများ နှင့် ရဲအရာရှိများကဲ့သို့ ကျွမ်းကျင်ဝန်ထမ်းများ ဖြစ်ကြသည်။

## ဥပမာ-



လီဇာသည် အဲလစ်နှင့် သူ၏ ငါးနှစ်အရွယ် သိတ်မဆိုးလှသည့် နှလုံးရောဂါရှိသော သမီးဖြစ်သူ ဂျပ်စမင်တို့အား လုပ်ကိုင်ပေးသည့် ကျောင်းသူနာပြုတစ်ဦး ဖြစ်ပါသည်။ ဂျပ်စမင် မူလတန်းကျောင်းစတက်ချိန် လီဇာသည် အဲလစ်နှင့် စကားပြောဆိုရာတွင် ဂျပ်စမင်၏ လိုအပ်ချက်များကို သိရှိထားစေရန်အလို့ငှာ သူ၏ ရောဂါအခြေအနေကို မူလတန်းကျောင်းသူနာပြုနှင့် မျှဝေဖလှယ်ခြင်းနှင့်ပတ်သက်၍ အဲလစ်၏ သဘောထားကို တောင်းခံခဲ့ပါသည်။ အချက်အလက် ဝေမျှဖလှယ်ခြင်း မပြုမီ အဲလစ်၏ သဘောထားကို လီဇာက သိရှိထားပါသည်။

**ဤသည်မှာ ကျွမ်းကျင်ဝန်ထမ်းတစ်ဦးအနေဖြင့် မည်သည့်အချိန်အခါ၌ အချက်အလက် မျှဝေဖလှယ်နိုင်ကြောင်း နှင့် မည်သူ့ကို မျှဝေဖလှယ်ပေးနိုင်ကြောင်း ဥပမာတစ်ခု ဖြစ်ပါသည်။**

# မည်သည့်အခါ၌ အချက်အလက်များ မျှဝေဖလှယ်နိုင်ပါသလဲ။

**အောက်ပါကိစ္စများ မဟုတ်ပါက အချက်အလက်များ မျှဝေဖလှယ်ခြင်း မလုပ်နိုင်ပါ-**

1. ကလေး၏ (သို့မဟုတ် ကလေးများ၏) ကျန်းမာရွှင်လန်းရေး သို့မဟုတ် လုံခြုံရေးကို မြှင့်တင်ရန် အသုံးပြုပါမည်။
2. အချက်အလက် မျှဝေဖလှယ်ခြင်းသည် ကလေးများအား ဝန်ဆောင်မှုပေးခြင်း၊ အစီအစဉ်များရေးဆွဲခြင်း သို့မဟုတ် အန္တရာယ် စိစစ်အကဲဖြတ်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ပြုလုပ်ရာ၌ အထောက်အကူ ပြုပါမည်။
3. အချက်အလက် မျှဝေဖလှယ်ခြင်းသည် မည်သူ့ကိုမျှ အန္တရာယ် မဖြစ်စေရ၊ ဥပဒေအရ တားမြစ်ခြင်း သို့မဟုတ် ကန့်သတ်ထားခြင်း မဖြစ်စေရ။

အချက်အလက်မျှဝေဖလှယ်ခြင်း မပြုမီ လိုက်နာရမည့် စည်းကမ်းချက် အပြည့်အစုံကို ဝက်ဘ်ဆိုက် www.infosharing.vic.gov.au တွင်ကြည့်ပါ။

## အချက်အလက်များ မည်သို့ မျှဝေဖလှယ်ရမလဲ။

ဥပဒေအရ အခွင့်အာဏာရှိသော အဖွဲ့အစည်းများနှင့် ပညာရှင်များသည် အချက်အလက်များကို တောင်းခံနိုင်သည် သို့မဟုတ် မျှဝေဖလှယ်ပေးရန် ဆုံးဖြတ်နိုင်သည်။

## အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းထားခြင်း

ကလေးများအား ကာကွယ်ပေးခြင်း၏ အပိုင်းတစ်ခုမှာ ၎င်းတို့၏ အချက်အလက်များကိုလည်း အန္တရာယ်ကင်းအောင်နှင့် လုံခြုံအောင်ထားခြင်းကို သေချာစေခြင်းဖြစ်သည်။ ကလေး အချက်အလက်များ မျှဝေဖလှယ်ခြင်း (Child Information Sharing) သည် ရှိရင်းစွဲ အတွင်းရေးအချက်အလက်လျှို့ဝှက်ခြင်းဥပဒေများနှင့်အညီ ကျွမ်းကျင်ဝန်ထမ်းများက အဆိုပါ ဥပဒေများအရ မည်သည့်အခါတွင် အချက်အလက်များကို မျှဝေဖလှယ်နိုင်သည်ကို ပြဌာန်းထားသည်။ အတွင်းရေး အချက်အလက်များကို မလိုအပ်သည့် အချိန်တွင် မျှဝေဖလှယ်ခြင်းသည် ပြစ်မှုဖြစ်သည်။ ထို့ပြင် အချက်အလက်အားလုံးကို အဖွဲ့အစည်းတိုင်းက လုံခြုံစွာ သိမ်းဆည်းထားရမည်။ လုပ်ပိုင်ခွင့်ရှိသော ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်းဖြင့် သူတို့၏ တာဝန်ဝတ္တရားများကို သိရှိကြပါသည်။

## ဥပမာ-

အန်ဒီသည် လူမှုရေး ပံ့ပိုးဝန်ထမ်းတစ်ဦးဖြစ်ပြီး၊ သူ့အား အထက်တန်းကျောင်း စီမံခန့်ခွဲရေးအရာရှိက Lee ၏ အချက်အလက်များ မျှဝေဖလှယ်ပေးရန် တောင်းဆိုထားသည်။ အန်ဒီသည် Lee မိသားစုအား ၎င်းတို့ ယာယီအိမ်ခြေမဲ့ ဖြစ်ချိန်တွင် ပံ့ပိုးပေးခဲ့သည်။ Lee နှင့်တကွ သူ့မိသားစုနှင့် ဆွေးနွေးပြီးနောက် အန်ဒီသည် ၎င်းတို့၏ နေထိုင်ရေး အချက်အလက်များ မျှဝေဖလှယ်ခြင်း မပြုခဲ့ပါ၊ Lee အား ကျောင်း မအပ်နိုင်စေရန်အတွက် ၎င်းအချက်အလက်ကို အသုံးပြုနိုင်ချေ ရှိသည်ဟု သံသယ ရှိသောကြောင့်ဖြစ်ပါသည်။

**ဤအကြောင်းအချက်မှာ ကျွမ်းကျင်ဝန်ထမ်းများအနေဖြင့် အချက်အလက် မျှဝေဖလှယ်ခြင်း မပြုရမည့် ဥပမာတစ်ခုဖြစ်သည် – စီမံခန့်ခွဲရေးအရာရှိသည် လုပ်ပိုင်ခွင့်ရ ပညာရှင်တစ်ဦး မဟုတ်သည့်အပြင် ဤအချက်အလက်မှာလည်း Lee သို့မဟုတ် သူ့မိသားစု၏ ပျော်ရွှင် ကျန်းမာရေး သို့မဟုတ် လုံခြုံရေးကို ပံ့ပိုးပေးရန်အတွက် အသုံးပြုမည် မဟုတ်ပါ။**

# မကျေနပ်ချက်တိုင်တန်းခြင်းများ

## အချက်အလက်များကို ခွင့်ပြုမထားသော နည်းလမ်းဖြင့် မျှဝေဖလှယ်ထားသည်ဟု သင် စိုးရိမ်ပူပန်ပါက သင့်တွင် သဘောထားမှတ်ချက်ပေးခွင့်အပြင် မကျေနပ်ချက်တိုင်တန်းခွင့် ရှိပါသည်။

**ကနဦး မကျေနပ်ချက် တိုင်တန်းရန်အတွက် အချက်အလက် မျှဝေဖလှယ်လိုက်သည့် အဖွဲ့အစည်းနှင့် စကားပြောဆိုပါ။ အဖွဲ့အစည်းအားလုံးတွင် မကျေနပ်ချက်တိုင်တန်းမှုများကို ကိုင်တွယ်ဖြေရှင်းရန် လုပ်ထုံးလုပ်နည်းများကို ချမှတ်ထားရှိပြီး ဖြစ်ပါသည်။**



## အကယ်၍ ထိုကိစ္စ ဖြေရှင်းချက်ကို သင် မကျေနပ်လျှင် မကျေနပ်ချက်ကို တိုင်တန်းနိုင်သည်မှာ-

**အကယ်၍ မကျေနပ်ချက်မှာ ကိုယ်တွင်းရေးဖြစ်ပါက ဗစ်တိုးရီးယားပြည်နယ် အချက်အလက် မဟာမင်းကြီးရုံး (Office of the Victorian Information Commissioner)**

ဝက်ဘ်ဆိုက်- ovic.vic.gov.au / တယ်လီဖုန်း- ၁၃၀၀ ၆၆၆ ၄၄၄

**အကယ်၍ မကျေနပ်ချက်မှာ ကျန်းမာရေးအချက်အလက်နှင့် သက်ဆိုင်ပါက ကျန်းမာရေး မကျေနပ်ချက်များ မဟာမင်းကြီး (Health Complaints Commissioner)**

ဝက်ဘ်ဆိုက်- hcc.vic.gov.au / တယ်လီဖုန်း- 1300 582 113

## ကလေး အချက်အလက် မျှဝေဖလှယ်ခြင်း အစီအစဉ် (Child Information Sharing Scheme) အကြောင်း ပိုမိုသိရှိလိုလျှင် သင်လုပ်နိုင်သည်မှာ-

**ဖုန်းခေါ်ပါ-** 1800 549 646

**စာရေးပါ-** CISandFVIS@education.vic.gov.au

**ဝက်ဘ်ဆိုက်တွင် ကြည့်ပါ-** vic.gov.au/child-information-sharing-scheme